ISP ကပြင်ရပ်ဝန်း

ISPEXPLAINER

China Studies

အမှတ်-၇ ၊ စက်တင်ဘာ ၂၁ ရက်၊ ၂၀၂၃ ခုနှစ်

# မြေရှားအတူးရပ် တရုတ်ဈေးကွက်အခက်

## စစ်ကောင်စီ ကြားဝင်လာသော မြေရှားသတ္တုတူးဖော်မှုများ




ကချင်ပြည်နယ်အတွင်း တူးဖော်ခဲ့သော မြေရှားသတ္တုများအား
တရုတ်နိုင်ငံသို့ သယ်ထုတ်နေသည့်ယာဉ်များအား တွေ့ရစဉ်။ (Photo : MRHZ)

ISP-Myanmar က စုစည်းထားတဲ့ မြန်မာ-တရုတ်ရက်စွဲမှတ်တမ်းကို အခြေခံပြီး ဒီကာလအတွင်း အာရုံစိုက်စရာဖြစ်ရပ်တွေကို ဖော်ပြပါမယ်။ လက်ပံတောင်းတောင် **ကြေးနီစီမံကိန်းမှာ တရုတ်ကုမ္ပဏီတွေနဲ့ ဒေသခံပြည်သူတွေအကြား တင်းမာမှု** ပြန်လည်ကြီးထွားနေသလို စစ်ကောင်စီကြားဝင်လာတဲ့နောက် ကချင်ပြည်နယ်မှာလည်း မြေရှားသတ္တုတူးဖော်တာကို ခေတ္တရပ်နားထားလိုက်ပါတယ်။ ဒီရပ်နားမှုက **တရုတ်ဈေးကွက်အပေါ် သက်ရောက်မှု ကြီး**ခဲ့ပါတယ်။ တရုတ်-မြန်မာနယ်စပ်မှာတော့ ဆိုက်ဘာကျွန်ပြုမှုတွေအပါအဝင် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေ ပူးတွဲနှိမ်နင်းတာကို တရုတ်အစိုးရနဲ့ နယ်စပ်က တိုင်းရင်းသားလက်နက်ကိုင်တွေက ပိုလုပ်နေပါတယ်။ တချိန်တည်းမှာ တရုတ်-မြန်မာ-လာအို-ထိုင်း လေးနိုင်ငံပူးပေါင်းစစ်ဆင်ရေးလည်း အရှိန်ရလာပါတယ်။ **ယူနန်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်နေပြီး မြန်မာနိုင်ငံရဲ့သတင်းတွေကို တရုတ်မီဒီယာတွေကတဆင့်နိုင်ငံတကာကိုဖြန့်ကြက်ဖို့**လည်း စစ်ကောင်စီက ကြိုးပမ်းနေပါတယ်။

## အကြောင်းအရာ ၆၅ ခု အနှစ်ချုပ်

ISP-Myanmar က စုစည်းလေ့လာခဲ့တဲ့ မြန်မာ-တရုတ် ဆက်ဆံရေး ရက်စွဲမှတ်တမ်းတွေကို ပိုင်းခြားတဲ့အခါ **၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း**မှာ အကြောင်းအရာ ၆၅ ခုရှိတာကို တွေ့ရပါတယ် **(ဇယားကိုရှုပါ)**။ ဒီအကြောင်းအရာတွေထဲမှာ နိုင်ငံရေးဘောဂဗေဒ၊ ပထဝီနိုင်ငံရေး၊ နိုင်ငံဖြတ်ကျော်မှုခင်း၊ လူမှုရေးနဲ့ လူ့အခွင့်အရေးကိစ္စရပ်တွေ လွှမ်းမိုးခဲ့ပြီး **အာရုံစိုက်စရာ ဖြစ်ရပ်ငါးခု**ကို လိုတိုရှင်းဖော်ပြပါမယ်။

■ မြန်မာ-တရုတ်ဆက်ဆံရေးတွင် လွှမ်းမိုးခဲ့သည့်အကြောင်းအရာများ ဆန်းစစ်ချက် (၂၀၂၃ ခုနှစ် ဩဂုတ်လ)

| စဉ် | အကြောင်းအရာ | ဖြစ်ရပ်အရေအတွက် |
|---|---|---|
| ၁။ | ပထဝီနိုင်ငံရေး | ၁၅ ခု |
| ၂။ | နိုင်ငံရေးဘောဂဗေဒ | ၁၆ ခု |
| ၃။ | သံတမန်ရေး | ၇ ခု |
| ၄။ | ကာကွယ်ရေးနှင့် လုံခြုံရေး | ၃ ခု |
| ၅။ | ပဋိပက္ခနှင့် ငြိမ်းချမ်းရေး | ၁ ခု |
| ၆။ | ဆွဲဆောင်မှုကိုအသုံးပြုသော အာဏာသြဇာ (Soft Power) | ၆ ခု |
| ၇။ | စီမံအုပ်ချုပ်မှု၊ မူဝါဒနှင့် စံနှုန်းဆိုင်ရာပေါင်းစည်းရေး | ၁ ခု |
| ၈။ | လူမှုရေးနှင့် လူ့အခွင့်အရေး | ၈ ခု |
| ၉။ | နိုင်ငံဖြတ်ကျော်မှုခင်းများ | ၈ ခု |
| | စုစုပေါင်း | ၆၅ ခု |

စစ်အာဏာသိမ်းပြီးနောက်ပိုင်း တရုတ်၏ တုံ့ပြန်မှု ရက်စွဲမှတ်တမ်း

SCAN THIS CODE

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာ-တရုတ်ဆက်ဆံရေးကို လေ့လာရာ၌ အထောက်အကူဖြစ်စေရန် ISP-Myanmar က စုဆောင်းထားသော ရက်စွဲမှတ်တမ်း ➤

## ၁။ စစ်ကောင်စီ ကြားဝင်လာသော မြေရှားသတ္တုတူးဖော်မှုများ


မြေရှားသတ္တုအဓိကတူးဖော်ရာ ကချင်ပြည်နယ် ပန်ဝါဒေသက မြေရှားသတ္တုတွင်းတွေကို ယာယီပိတ်လိုက်တာကြောင့် တရုတ်ဈေးကွက်မှာ ဂယက်ရိုက်နေပါတယ်။ **စစ်ကောင်စီက မြေရှားသတ္တုတူးဖော်တဲ့နေရာတွေကို စစ်ဆေးတာတွေ လုပ်လာတဲ့အတွက်** ၂၀၂၃ ခုနှစ် ဩဂုတ်လ နောက်ဆုံးပတ်လောက်ကစပြီး ပိတ်ထားလိုက်တာပါ။ စက်တင်ဘာ ၆-၇ ရက်တွေမှာ သဘာဝပတ်ဝန်းကျင်သက်ရောက်မှုတွေအပေါ်စစ်ဆေးမှာဖြစ်တဲ့အတွက်လို့ ဆိုပါတယ်။ အဲဒီလို ပိတ်လိုက်တာကြောင့် မြန်မာလုပ်သားတွေ နေရပ်ပြန်လာကြပါတယ်။ နောက်ဆက်တွဲအဖြစ် တရုတ်မြေရှားဈေးကွက်မှာ ဈေးနှုန်းတွေ ခုန်တက်သွားပြီး နှစ်နှစ်နီးပါးအတွင်း စံချိန်တင်သွားပါတယ်။ မြန်မာနိုင်ငံကနေ တရုတ်နိုင်ငံကို အဓိကတင်ပို့နေတဲ့ Dysprosium အမျိုးအစား မြေရှားသတ္တုဈေးနှုန်းဟာ တလအတွင်းမှာပဲ တကီလိုဂရမ်ကို **အမေရိကန်ဒေါ်လာ ၃၂၀** ဝန်းကျင်ကနေ **အမေရိကန်ဒေါ်လာ ၃၆၀** အထိ တက်သွားပါတယ်။ မြန်မာနိုင်ငံကတင်ပို့နေတဲ့ နောက်ထပ်အမျိုးအစားဖြစ်တဲ့ Terbium ဈေးနှုန်းကလည်း တကီလိုဂရမ်ကို **အမေရိကန်ဒေါ်လာ ၁,၂၀၀** ဖြစ်သွားပြီး တလအတွင်းမှာ နှစ်ရာမြင့်တက်သွားတာပါ။ တရုတ်နိုင်ငံတောင်ပိုင်းမှာ အခြေစိုက်တဲ့ မြေရှားသတ္တုသန့်စင် စက်ရုံတွေဟာ မြန်မာနိုင်ငံက ကုန်ကြမ်းတွေကို အဓိက မှီခိုနေရတာပါ။ တရုတ်အကောက်ခွန်ဌာန (GACC) ရဲ့ အချက်အလက်တွေကို **ISP-Myanmar က စာရင်းပြုစုခဲ့ရာမှာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလကနေ ဇူလိုင်လအထိ တရုတ်နိုင်ငံရဲ့ မြေရှားသတ္တု တင်သွင်းမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ တဘီလီယံကျော် ရှိပါတယ်။ ဒီထဲမှာ မြန်မာနိုင်ငံကနေတင်သွင်းတာက အမေရိကန်ဒေါ်လာ သန်း ၉၀၀ နီးပါး ရှိနေတာပါ။** တဖက်မှာလည်း သမ္မတရှီကျင့်ဖျင်ရဲ့ အရည်အသွေးမြင့်ဖွံ့ဖြိုးမှု (High-quality Development) အစီအစဉ်နဲ့ တရုတ်နိုင်ငံ ကျန်ဇီပြည်နယ်နဲ့ ဂန်းဆုပြည်နယ်တွေက မြေရှားသတ္တုတွင်းတွေကိုလည်း တရုတ်အာဏာပိုင်တွေက စစ်ဆေးရေးလုပ်ဖို့ရှိလို့ ဩဂုတ်လကုန်လောက်ကစပြီး ထုတ်လုပ်မှုတွေ ရပ်နားထားပါတယ်။

ဒီလိုအခြေအနေမှာပဲ တရုတ်နိုင်ငံ ယူနန်ပြည်နယ် နကျန်းခရိုင် အစိုးရကိုယ်စားလှယ်အဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို ဩဂုတ် ၂၄-၂၅ ရက်တွေမှာ နှစ်ရက်ကြာ လာရောက်ခဲ့ပြီး စစ်ကောင်စီ ကချင်ပြည်နယ်အစိုးရအဖွဲ့နဲ့ တံခါးပိတ် အစည်းအဝေးတခုကို ပြုလုပ်ခဲ့ပါတယ်။ ဆွေးနွေးတဲ့အကြောင်းအရာတွေကို အသေးစိတ်မသိရပေမဲ့ နယ်စပ်ကုန်သွယ်ရေး၊ ရွှေ့ပြောင်းအလုပ်သမားအရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကိစ္စတွေ ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ နကျန်းခရိုင်ဟာ ကချင်ပြည်နယ်ရဲ့ မြေရှားသတ္တုအဓိက တူးဖော်ရာ

■ ခုနစ်လတာအတွင်း မြန်မာမှ တရုတ်သို့ မြေရှားသတ္တုတင်ပို့မှုတန်ဖိုး
(၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ)

အမေရိကန်ဒေါ်လာ
သန်း ၈၉၀+

၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ
တရုတ်နိုင်ငံသို့ မြေရှားသတ္တုတင်ပို့မှု
**အမေရိကန်ဒေါ်လာ**
**သန်း ၉၀၀ နီးပါး** ရှိခဲ့ပြီး
တန်ချိန် ၄၀,၀၀၀ ကျော် ရှိခဲ့သည်။




ရည်ညွှန်း - မြေရှားသတ္တုတင်သွင်းမှုနှင့်သက်ဆိုင်သော ကိန်းဂဏန်းများနှင့်ပတ်သက်ပြီး တရုတ်အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့(GACC) ၏ ထုတ်ပြန်ချက်အား အခြေခံ၍ ISP-Myanmar က စာရင်းပြုစုထားခြင်းဖြစ်သည်။

▸ ဖြစ်တဲ့ ချီဖွေမြို့နယ်၊ ကချင်အထူးဒေသ-၁ ပန်ဝါမြို့ ခေါင်လန်ဖူးမြို့နယ်တို့နဲ့ နယ်နိမိတ်ချင်း ထိစပ်နေပါတယ်။ ဆွေးနွေးပွဲမှာ ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရဲ့ဝန်ကြီးချုပ်၊ စီးပွားရေးဝန်ကြီးအပြင် သယံဇာတဝန်ကြီးတို့လည်း ပါဝင်တာကြောင့် မြေရှားသတ္တုတူးဖော်တင်ပို့တဲ့ကိစ္စတွေကိုလည်း ဆွေးနွေးခဲ့မယ်လို့ ယူဆရပါတယ်။

တဖက်မှာလည်း **မြေရှားသတ္တုတူးဖော်မှုတွေကို တရားဝင်ခွင့်ပြုထားတာ မရှိကြောင်းနဲ့ ဆက်မလုပ်ဖို့ တားမြစ်ထားကြောင်း စစ်ကောင်စီဘက်က ပြောထားပါတယ်။** လက်ရှိအချိန်အထိ ကချင်ပြည်နယ်အတွင်း မြေရှားသတ္တုတူးဖော်မှုတွေက ရနေတဲ့ အမေရိကန်ဒေါ်လာဘီလီယံချီ ငွေကြေးတွေဟာ စစ်ကောင်စီထံ စီးဆင်းမှုမရှိတာကြောင့် ဒါကို ပြန်လည်ကိုင်တွယ်နိုင်ဖို့ စစ်ကောင်စီဘက်က ကြိုးပမ်းလာတာလည်း ဖြစ်နိုင်ပါတယ်။

## ၂။ ကြေးနီစီမံကိန်းဆန္ဒပြမှုများနှင့် တရုတ်စီမံကိန်း တိုက်ခိုက်ခံရမှု

စစ်ကိုင်းတိုင်းက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလုပ်နေတဲ့ ဝမ်ပေါင်ကုမ္ပဏီ၊ ယန်စီကုမ္ပဏီနဲ့ ဒေသခံပြည်သူတွေ၊ ပြည်သူ့ကာကွယ်ရေးတပ်တွေအကြား တင်းမာမှုပြန်လည်ကြီးထွားနေပါတယ်။ **ကြေးနီစီမံကိန်းအရှေ့ဘက်မှာရှိတဲ့ ဝက်မှေးရွာဟောင်းမှာ စစ်ကောင်စီတပ်တွေရဲ့အကူအညီနဲ့ လုံခြုံရေးယူပြီး မြေယာတိုးချဲ့သိမ်းယူမှုကို ဝမ်ပေါင်ကုမ္ပဏီက လုပ်လာ**တာကြောင့်ပါ။ ဒါ့အပြင် ဝမ်ပေါင်ကုမ္ပဏီဝင်းထဲမှာ စစ်ကောင်စီတပ်တွေ ဝင်ရောက်အခြေစိုက်ပြီး အနီးအနားက ကျေးရွာတွေကို စစ်ကြောင်းထိုးတာ၊ လက်နက်ကြီးတွေနဲ့ပစ်တာတွေလည်း လုပ်လေ့ရှိပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ဒေသခံသပိတ်အဖွဲ့တွေရဲ့ ဆန့်ကျင်ဆန္ဒပြမှုတွေ ခပ်စိပ်စိပ်ဖြစ်လာသလို ပြည်သူ့ကာကွယ်ရေးတပ်တွေရဲ့ ခြိမ်းခြောက်မှုတွေလည်းရှိလာပါတယ်။ ၂၀၂၃ ခုနှစ် သြဂုတ်လနဲ့ စက်တင်ဘာလအစောပိုင်းမှာ ယင်းမာပင်နဲ့ ဆားလင်းကြီးမြို့နယ်တွေက ဒေသခံပြည်သူတွေပူးပေါင်းပြီး ဝမ်ပေါင်ကုမ္ပဏီနဲ့ ယန်စီကုမ္ပဏီတို့ကို ဆန့်ကျင်ဆန္ဒပြမှုတွေ ခြောက်ကြိမ်ထက်မနည်း လုပ်ခဲ့ပါတယ်။ ဒါ့အပြင် **စစ်ကောင်စီနဲ့ ပူးပေါင်းဆောင်ရွက်နေတာတွေကိုရပ်ဖို့ ဝမ်ပေါင်ကုမ္ပဏီနဲ့ ယန်စီကုမ္ပဏီတို့ကို ဒေသခံသပိတ်အင်အားစု ၁၇ ဖွဲ့ပေါင်းပြီး သြဂုတ် ၇ ရက်မှာ သတိပေးစာ ထုတ်ပြန်**ခဲ့ပါတယ်။ တဖက်မှာလည်း စစ်ကောင်စီနဲ့ ပူးပေါင်းဆောင်ရွက်နေတာတွေကို မရပ်ရင် အရေးယူမယ်လို့ ဝမ်ပေါင်ကုမ္ပဏီကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ရဲ့ ဆားလင်းကြီးမြို့နယ် ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့က သြဂုတ် ၁၀ ရက်မှာ သတိပေးစာ ထုတ်ပြန်ခဲ့ပါတယ်။ ဝမ်ပေါင်ကုမ္ပဏီဘက်ကတော့ လက်ရှိအချိန်ထိ တုံ့ပြန်ပြောဆိုတာမျိုး မရှိသေးပါဘူး။ တရုတ် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွေအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွေကို မတိုက်ခိုက်ဖို့ PDF တပ်ဖွဲ့တွေကို NUG က ညွှန်ကြားထားတာကြောင့် ဝမ်ပေါင်ကုမ္ပဏီကို ဆားလင်းကြီး ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က ဘယ်လို အရေးယူဆောင်ရွက်မယ်ဆိုတာ မသိရပါဘူး။

အာဏာသိမ်းမှုဖြစ်ခဲ့တဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကစပြီး စီမံကိန်းကို ယာယီရပ်နားထားကြောင်း ဝမ်ပေါင်ကုမ္ပဏီက ထုတ်ပြန်ထားပါတယ်။ ဒါပေမဲ့ အခုအချိန်မှာ အရင်ကတူးဖော်ထားတဲ့ ကြေးနီတွေကို စစ်ကောင်စီရဲ့ လုံခြုံရေးအကူအညီနဲ့ မုံရွာမြို့ဆီသယ်ထုတ်နေပါတယ်။ တဖက်မှာလည်း မကွေးတိုင်း ငဖဲမြို့နယ်အတွင်းက မင်းဘူး-အမ်းလမ်းမကြီးပေါ်မှာရှိတဲ့ **တရုတ်-မြန်မာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ထိန်းချုပ်စခန်းက စစ်ကောင်စီလုံခြုံရေးကင်းစခန်းကို ချင်းကာကွယ်ရေးတပ်ဖွဲ့-အရှို (CDF-Asho) က သြဂုတ် ၂၀ ရက်မှာ တိုက်ခိုက်ခဲ့**ပါတယ်။ အဲဒီတိုက်ခိုက်မှုအပါအဝင် တရုတ်နိုင်ငံခြားရေး ▸

ဝန်ကြီး (ဟောင်း) မစ္စတာချင်ကန်းရဲ့ နေပြည်တော်ခရီးစဉ်နောက်ပိုင်း ခာတ်ငွေ့ပိုက်လိုင်းနဲ့ ဝမ်ပေါင်ကြေးနီစီမံကိန်းကို လုံခြုံရေးယူထားတဲ့ စစ်ကောင်စီတပ်တွေ တိုက်ခိုက်ခံရတာ လေးကြိမ်ထက်မနည်းရှိခဲ့ပါတယ်။

## ၃။ ဆိုက်ဘာကျွန်ပြုမှုများနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု နှိမ်နင်းရေး အရှိန်မြှင့်

ဆိုက်ဘာကျွန်ပြုမှုတွေကိုပါ လုပ်လာတဲ့ အွန်လိုင်းလိမ်လည်ဂိုဏ်းတွေ အခြေတည်လှုပ်ရှားတဲ့ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းမှာ **ဝ၊ ကိုးကန့်နဲ့ မိုင်းလားတို့ရဲ့ဒေသန္တရ အာဏာပိုင်တွေက တရုတ်အစိုးရနဲ့ပူးပေါင်းပြီး ဖြိုခွင်းရေးလုပ်လာ**ပါတယ်။ ဖြိုခွင်းရေး အစီအမံမှာ အားလုံးပါဝင်ပြီး ဥပဒေစိုးမိုးရေးဖော်ဆောင်ဖို့၊ အိမ်နီးချင်းအစိုးရတွေကို အကူအညီပေးဖို့နဲ့ ရာဇဝတ်ဂိုဏ်းတွေနဲ့ မပတ်သက်ကြဖို့ 'ဝ'ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) က အမိန့်ထုတ်ပြန်အပြီးမှာ **ပြစ်မှုကျူးလွန်သူ တရုတ်နိုင်ငံသား ၁,၅၀၀ နီးပါးကိုဖမ်းပြီး တရုတ်နိုင်ငံဆီပြန်လွှဲခဲ့**ပါတယ်။ တချိန်တည်းမှာပဲ ကိုးကန့်ဒေသ စီမံအုပ်ချုပ်ရေးကောင်စီက တရုတ်အစိုးရရဲ့ **ရပ်ဝန်းလမ်းကြောင်းအစီအမံ (BRI) ကို အကာအကွယ်ပေးရင်း ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသား (တရုတ်) တွေကို ဖမ်းဆီးအရေးယူသွားမယ်**လို့ ထုတ်ပြန်ခဲ့ပါတယ်။ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်- မိုင်းလား (NDAA) ကလည်း အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးမှာ လေးနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ တရားဝင်ပြောဆိုလာပါတယ်။

ဒေသတွင်းလုံခြုံရေးကနေ ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုဖြစ်လာတဲ့ ဆိုက်ဘာကျွန်ပြုမှုတွေအပါအဝင် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု နှိမ်နင်းရေးကို တရုတ်အစိုးရ ဦးဆောင်ပြီး **ထိုင်း-မြန်မာ-လာအို အပါအဝင် လေးနိုင်ငံပူးပေါင်းမှုနဲ့ ဖမ်းဆီးနှိမ်နင်းမှုတွေ ပိုလုပ်လာ**ပါတယ် (**ISP Insight Email အမှတ်-၂၃ ကိုရှုပါ**)။ ဩဂုတ် ၂၂ ရက်ကလည်း မြန်မာ

မူးယစ်ဆေးက နေရာအနှံ့ လက်တကမ်းမှာ

SCAN THIS CODE

ISP Insight Email အမှတ် - ၂၃

ဘက်ခြမ်းမှာရှိတဲ့ ရာဇဝတ်ဂိုဏ်းတွေကို ပူးပေါင်းနှိမ်နင်းဖို့ တရုတ်၊ ထိုင်းနဲ့ လာအို သုံးနိုင်ငံသံအမတ်တွေက ရန်ကုန်မှာရှိတဲ့ တရုတ်သံရုံးမှာ သုံးပွင့်ဆိုင် ဆွေးနွေးခဲ့ပါတယ်။ ရပ်ဝန်းလမ်းကြောင်း (BRI) အစီအမံ အကောင်အထည်ဖော်နိုင်ဖို့ ဒီရာဇဝတ်မှုတွေကို ပူးပေါင်းတိုက်ဖျက်ပြီး သန့်ရှင်းတဲ့ပတ်ဝန်းကျင်ကို ဖန်တီးပေးဖို့အတွက် တရုတ်သံမှူး ဒေါက်တာကျန်းကျိဟုန် (Dr. Zheng Zhihong) က စစ်ကောင်စီကို တောင်းဆိုခဲ့ပါသေးတယ်။ တဆက်တည်းမှာပဲ **နယ်စပ်တည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် သင်တန်းတွေပေးဖို့** စက်တင်ဘာ ၄ ရက်မှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တောင်ပိုင်းစစ်ဒေသ ဒုတိယဌာနချုပ်မှူး ရေတပ်ဒုတိယဗိုလ်ချုပ်ကြီး လျူကျိကျူ (Vice Admiral Liu Zizhu) ဟာ နေပြည်တော်ကို လာခဲ့ပါတယ်။ တရုတ်နိုင်ငံသား ရာဇဝတ်ဂိုဏ်းဝင်တွေ ဦးဆောင်ထားတဲ့ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေမှာ တရုတ်နိုင်ငံသားတွေလည်း သားကောင်ဖြစ်နေရတာကြောင့် တရုတ်ပြည်တွင်း လူမှုကွန်ရက်တွေမှာ တရုတ်အစိုးရအပေါ် ဝေဖန်ဖိအားပေးမှု ကြီးနေပါတယ်။

တချိန်တည်းမှာ စစ်အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံဟာ နိုင်ငံဖြတ်ကျော်ရာဇဝတ်ဂိုဏ်းတွေ အခြေတည်ရာဖြစ်လာပြီး နိုင်ငံ့ဥပဓိရုပ်လည်း အကြီးအကျယ် ကျဆင်းနေပါတယ်။ မြန်မာနဲ့ ကမ္ဘောဒီးယားမှာဖြစ်ခဲ့တဲ့ ဆိုက်ဘာကျွန်ပြုမှုတွေအကြောင်း ရိုက်ပြထားတဲ့ တရုတ်ရုပ်ရှင် No More Bets ထွက်ပြီးချိန်မှာ Sina Weibo က 'ဒီနိုင်ငံ နှစ်ခုဆီ သွားမလား'လို့ အွန်လိုင်းစစ်တမ်းတခု လုပ်ခဲ့ပါတယ်။ လူ ၃,၇၇၈ ဦးကပဲ 'ငွေကြေးကုန်ကျစရိတ်သက်သာရင် သွားတာပေါ့'လို့ ဖြေခဲ့ပြီး လူပေါင်း ၁၈၁,၀၀၀ ကတော့ 'မသွားချင်ဘူး၊ သိပ်အန္တရာယ်ကြီးတယ်'လို့ ဖြေခဲ့ကြပါတယ်။ တရုတ်ပြည်သူတွေအကြား ဒီလို အမြင်ကျယ်ပြန့်လာတာက စစ်ကောင်စီရဲ့ 'တရုတ်ခရီးသွားမျှော်' စိတ်ကူးအတွက် ထိုးနှက်ချက်တခုပါပဲ။

## ၄။ ယူနန်-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်

တရုတ်အစိုးရဟာ ယူနန်ပြည်နယ်ကတဆင့် တောင်အာရှနဲ့ အရှေ့တောင်အာရှဒေသကို ချိတ်ဆက်ဖို့ ကြိုးပမ်းနေပါတယ်။ ဒီအတွက် ယူနန်ပြည်နယ် ကူမင်းမြို့မှာ ကုန်စည်ပြပွဲတွေနဲ့ စီးပွားရေးဖိုရမ် ၁၀ ခုကျော် လုပ်ခဲ့ပါတယ်။ တဆက်တည်းမှာပဲ ယူနန်ပြည်နယ်နဲ့ တောင်အာရှဒေသကို ဆက်သွယ်ရာမှာ ပေါင်းကူးတံတားသဖွယ်ရှိနေတဲ့ မြန်မာနိုင်ငံက စစ်ကောင်စီဝန်ကြီးတွေကို ဖိုရမ်တွေမှာ ပါဝင်တက်ရောက်ဖို့ ယူနန်ပြည်နယ်အစိုးရက ဖိတ်ခဲ့ပါတယ်။ ဒါကြောင့် ဩဂုတ် ၁၆-၂၀ ရက်အတွင်း လုပ်ခဲ့တဲ့ ခုနစ်ကြိမ်မြောက်

- တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၊ ၂၇ ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်-သွင်းကုန် ကုန်စည်ပြပွဲ၊ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစကြံဆိုင်ရာ အစိုးရတာဝန်ရှိသူများ အစည်းအဝေး (၂၀၂၃) နဲ့ ဆက်စပ်ဖိုရမ်တွေကို စစ်ကောင်စီဝန်ကြီးတွေဖြစ်တဲ့ ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်နဲ့ ဦးမောင်မောင်အုန်းတို့ တက်ရောက်ခဲ့ကြပါတယ်။ ဒ့ါအပြင် စစ်ကိုင်း၊ ပဲခူး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ စတဲ့ တိုင်းတွေနဲ့ ရှမ်းပြည်နယ်တို့က စစ်ကောင်စီ စီးပွားရေးဝန်ကြီးတွေလည်း တက်ရောက်ခဲ့ပါသေးတယ်။

ကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံကို **အဓိကဧည့်သည်တော်နိုင်ငံ**အဖြစ်သတ်မှတ်ပြီး သီးသန့်ပြခန်းမှာ နေရာပေးခဲ့ပါတယ်။ မြန်မာနိုင်ငံက လုပ်ငန်းရှင် ၁၀၀ ကျော်လည်း လယ်ယာထွက်ကုန်၊ စားသောက်ကုန်နဲ့ ကျောက်မျက်ရတနာတွေကို ပြပွဲမှာ ပါဝင်ပြသခဲ့ပါတယ်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနဲ့ ကုန်သွယ်ရေး အထောက်အကူပြု အွန်လိုင်းစကြံ အခြေအနေတွေကို ဆွေးနွေးခဲ့ကြတဲ့အပြင် ကူမင်း၊ ချုံချင့်နဲ့ သုံ့ရှင်းမြို့အခြေစိုက် တရုတ်ကုမ္ပဏီလေးခုနဲ့ ကိုးကန့်၊ ရန်ကုန်နဲ့ ဧရာဝတီတိုင်း အခြေစိုက် **မြန်မာကုမ္ပဏီလေးခုတို့အကြား ပို့ကုန်သွင်းကုန်လုပ်ငန်း၊ ကုန်စည်ဖြန့်ဖြူးရေး၊ လယ်ယာထွက်ကုန်နဲ့ ရေထွက်ပစ္စည်းလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီချက်** လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ တဖက်မှာ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစကြံဆိုင်ရာအစည်းအဝေးနဲ့ ဆက်စပ်ပြီး ချင်းရွှေဟော်-လင်ချန်း နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအခမ်းအနားကို လုပ်ခဲ့ပါတယ်။ ဒီစီမံကိန်းဟာ တရုတ်-မြန်မာ စီးပွားရေးစကြံမှာ ဦးစားပေးအကောင်အထည်ဖော်မယ့် စီမံကိန်းတခုပါ။ ဒ့ါအပြင် မူဆယ်-ရွှေလီ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်နဲ့ ချိတ်ဆက်မယ့် တယ်ဟုန်းဒေသ လွတ်လပ်သောကုန်သွယ်ရေးရှေ့ပြေးဇုန်ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်ဖို့လည်း ဆွေးနွေးခဲ့ပါတယ်။ အဲဒီကုန်သွယ်ရေးရှေ့ပြေးဇုန်ဟာ ယူနန်ပြည်နယ်ကို တောင်အာရှ၊ အရှေ့တောင်အာရှဒေသနဲ့ ကုန်သွယ်ရာမှာ ဗဟိုချက်အဖြစ် ပြောင်းလဲဖို့ရည်ရွယ်ပြီး တရုတ်ဗဟိုအစိုးရက အကောင်အထည်ဖော်နေတဲ့ တရုတ် (ယူနန်) ရှေ့ပြေးလွတ်လပ်သောကုန်သွယ်ရေးဇုန်ရဲ့ အစိတ်အပိုင်းတခုဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနဲ့ တယ်ဟုန်းခရိုင် အကြား ကုန်သွယ်ရေးအခြေခံအဆောက်အအုံတွေကို ချိတ်ဆက်ဖို့ စစ်ကောင်စီနဲ့ တယ်ဟုန်းခရိုင်အစိုးရတို့က ပူးပေါင်းဆောင်ရွက်လာကြတာပါ (**ISP Explainer အမှတ်-၅ ကို ရှုပါ**)။

စစ်ကောင်စီ၏ ရွေးကောက်ပွဲအစီအစဉ်နှင့် တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှု

SCAN THIS CODE

ISP Explainer အမှတ် - ၅ ➤

### တရုတ်(ယူနန်) ရှေ့ပြေး လွတ်လပ်သော ကုန်သွယ်ရေးဇုန်

တရုတ်(ယူနန်) ရှေ့ပြေး လွတ်လပ်သောကုန်သွယ်ရေးဇုန် (China (Yunnan) Pilot Free Trade Zone - YNFTZ) ကို ၂၀၁၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး တရုတ်နိုင်ငံ နယ်စပ်ဒေသများတွင် ပထမဆုံးတည်ထောင်သည့် လွတ်လပ်သော ကုန်သွယ်ရေးဇုန် သုံးခုအနက် တခုဖြစ်သည်။ အဆိုပါ ကုန်သွယ်ရေးဇုန်ကို တည်ထောင်ခြင်းဖြင့် ယူနန်ပြည်နယ်ကို တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်ရာတွင် အဓိကဆုံချက်ကျရာ နေရာအဖြစ် ပြောင်းလဲပစ်ရန် တရုတ်နိုင်ငံက ရည်ရွယ်ထားသည်။ အဆိုပါကုန်သွယ်ရေးဇုန်တွင် ကူမင်းဇုန်၊ ဟုန်ဟဲဇုန်နှင့် တယ်ဟုန်းဇုန်ဟူ၍ ကုန်သွယ်ရေးဇုန် သုံးခုပါဝင်သည်။ တယ်ဟုန်းဇုန်သည် တယ်ဟုန်းခရိုင် ရွှေလီမြို့တွင်တည်ရှိပြီး နယ်စပ်ဖြတ်ကျော်ကုန်ထုတ်လုပ်မှုစွမ်းရည် ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်ရေး၊ နယ်စပ်ဖြတ်ကျော် အွန်လိုင်းကုန်သွယ်ရေး (e-commerce) နှင့် ငွေပေးချေရေးလုပ်ငန်းများကို အဓိကလုပ်ဆောင်သည်။

## ၅။ သတင်းဖြန့်ကြက်ရေးနှင့် ခရီးသွားမြှင့်တင်ရေး တရုတ်နိုင်ငံနှင့်ပူးပေါင်း

ရပ်ဝန်းလမ်းကြောင်းအစီအမံ (BRI) ၁၀ ပြည့်နှစ်မှာ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) စီမံကိန်းတွေပြန်စဖို့ တရုတ်အစိုးရက မြန်မာသတင်းမီဒီယာတွေနဲ့ ထိတွေ့မှုပိုစိပ်လာပါတယ်။ တရုတ်-မြန်မာ မီဒီယာတွေ့ဆုံပွဲတခုကို ဩဂုတ် ၂၃ ရက်မှာ ကျင်းပခဲ့ပြီး BRI ဟာ ကမ္ဘာလုံးဆိုင်ရာ အများကောင်းကျိုးဆိုပြီး တရုတ်သံမှူး ဒေါက်တာကျန်းကျိဟုန် (Dr. Zheng Zhihong) က ညွှန်းဆိုခဲ့ပါတယ်။ မဲခေါင်နဲ့ တောင်အာရှနိုင်ငံတွေအကြား ရုပ်သံကဏ္ဍပူးပေါင်းဆောင်ရွက်ဖို့ ‘လန်ချန်း-မဲခေါင် ရုပ်သံသီတင်းပတ်စားပွဲဝိုင်းဆွေးနွေးပွဲ’ ကိုလည်း ယူနန်ပြည်နယ် ကူမင်းမြို့မှာ ဩဂုတ် ၁၆ ရက်မှာ ကျင်းပခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာ ရုပ်သံသတင်းတွေကို ဒေသတွင်းနိုင်ငံတွေကြား အပြန်အလှန်ထုတ်လွှင့်ပြသဖို့နဲ့ နိုင်ငံတကာမီဒီယာဈေးကွက်ထိုးဖောက်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ ဒါဟာ ဆွဲဆောင်မှုကိုအသုံးပြုတဲ့ အာဏာသြဇာ တနည်းအားဖြင့် ညင်သာတဲ့သိမ်းသွင်းနည်း (Soft Power) တမျိုးပါပဲ။ ယူနန်ပြည်နယ်အစိုးရပိုင် ယူနန်မီဒီယာအုပ်စု (Yunnan Media Group) က တီထွင်ထားတဲ့ Mekong Look App မှာ မြန်မာအနေနဲ့ ပူးပေါင်းပါဝင်ဖို့ စစ်ကောင်စီပြန်ကြားရေးဝန်ကြီး ဦးမောင်မောင်အုန်းက အဆိုပြုခဲ့ပြီး ၂၀၂၅ နှစ်ကုန်မှာ မြန်မာဘာသာနဲ့ သတင်းထုတ်လွှင့်နိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် စစ်ကောင်စီက စိစစ်ထားတဲ့ မြန်မာပြည်တွင်းသတင်းတွေကို တရုတ်မီဒီယာတွေကတဆင့် နိုင်ငံတကာကို ဖြန့်ဝေဖို့ တရုတ်နိုင်ငံပိုင် China Media Group (CMG) နဲ့ ပူးပေါင်းသွားမှာဖြစ်ပါတယ်။

တဖက်မှာလည်း ကိုဗစ်အလွန် ခရီးသွားလုပ်ငန်း ပြန်လည်ဆွဲတင်ဖို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေကို တိုးလုပ်လာပါတယ်။ တရုတ်သမ္မတရှီကျင့်ဖျင်ရဲ့ ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုအစီအမံ (Global Civilization Initiative-GCI) အရ ပြုလုပ်တဲ့ တရုတ်နိုင်ငံရဲ့ခရီးသွားလာရေးနဲ့ ရိုးရာအစားအစာများမိတ်ဆက်ပွဲကို ရန်ကုန်မြို့မှာရှိတဲ့ တရုတ်ယဉ်ကျေးမှုစင်တာမှာ ဩဂုတ် ၁ ရက်က ကျင်းပခဲ့ပါတယ်။ တရုတ်ခရီးသွားတွေအတွက်ဗီဇာဖြေလျှော့ပေးဖို့နဲ့ အလွယ်တကူ ငွေပေးချေနိုင်ဖို့၊ မြန်မာ့ဟိုတယ်နဲ့ ခရီးသွားကဏ္ဍမှာ တရုတ်ကုမ္ပဏီတွေ ရင်းနှီးမြှုပ်နှံခွင့်ရဖို့ အန်ဟွေးပြည်နယ်မှာရှိတဲ့ တရုတ်ကုမ္ပဏီတွေက စစ်ကောင်စီ ဟိုတယ်နဲ့ခရီးသွားလာရေးဝန်ကြီး ဒေါက်တာသက်သက်ခိုင်ကို ဩဂုတ် ၁၈ ရက်မှာ တိုက်တွန်းခဲ့ပါတယ်။ တဆက်တည်းမှာပဲ လန်ချန်း-မဲခေါင် နိုင်ငံတွေအကြားနယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ဖို့ အဆင့်မြင့် အလုပ်ရုံဆွေးနွေးပွဲကို ချုံချင့်မြို့မှာ ၁၀ ရက်ကြာ ပြုလုပ်ခဲ့ပါတယ်။ ဒ့ါအပြင် တရုတ်ဦးဆောင်မှုနဲ့ **အပြည်ပြည်ဆိုင်ရာ ပိုးလမ်းမမြို့တော်များ ခရီးသွားလာရေးမဟာမိတ်** (International Tourism Alliance of Silk Road Cities) ကို မြန်မာအပါအဝင် နိုင်ငံပေါင်း ၂၆ နိုင်ငံရဲ့ မြို့ပေါင်း ၅၈ မြို့နဲ့ စက်တင်ဘာ ၁ ရက်မှာ ဖွဲ့စည်းခဲ့ပါသေးတယ်။ ဒါကြောင့် ၂၀၁၈-၂၀၁၉ နှစ်တွေတုန်းကဖြစ်ပေါ်ခဲ့တဲ့ တရုတ်ကုမ္ပဏီနဲ့ တရုတ်ခရီးသွားတွေအတွက်ပဲ အကျိုးအမြတ်ရတဲ့ စရိတ်ချွေခရီးသွားလုပ်ငန်း (Zero-budget Tourism) လိုမျိုး ပြန်ဖြစ်လာမှာကို သတိပြုသင့်ပါတယ်။ တဖက်မှာလည်း အထက်မှာဆိုခဲ့သလို တရုတ်ပြည်သူရဲ့ မြန်မာနိုင်ငံအပေါ် စိတ်ချယုံကြည်မှုအမြင် အဆိုးဘက်ပြောင်းလာတာက ‘တရုတ်ခရီးသွားမျှော်’ စိတ်ကူးအပေါ် သက်ရောက်မှုရှိမှာဖြစ်ပါတယ်။

မှတ်ချက် ။ အောက်ခြေမှတ်စုများနှင့် ကိုးကားစာရင်းအပါအဝင် ရက်စွဲမှတ်တမ်းအပြည့်အစုံကို ဝက်ဘ်ဆိုက်တွင် ဖတ်ရှုနိုင်ပါသည်။

www.ISPMyanmar.com/community

# Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202